# ကမ္ဘာ့ အရှည်ဆုံးပေါင်တံ အောက်က လူပုလေး ပင်ပင်





အသက် ၂၀ ရှိ လူပုလေး ပင်ပင်ဟာ တရုတ် နိုင်ငံ မွန်ဂိုလီးယား ပြည်နယ် ကဖြစ်ပြီး၊ ၊ ကမ္ဘာမှာ အရှည်ဆုံးပေါင်တံရှင် အသက် ၃၆ နှစ်အရွယ် ပန်ကရာ တိုဗား (Svetlana Pankratova ) ကတော့ စပိန်မှာ နေထိုင်တဲ့ ရုရှားနွယ်ဖွား အမျိုးသမီး လေးဖြစ်ပါတယ်။ ပန်ကရာ တိုဗားပေါင်တံဟာ ၅၂လက်မ ( ၄ ပေ ၄ လက်မ) ရှိပြီး၊ လူပုလေး ပင်ပင်ရဲ့ အမြင့်ကတော့ ၂၉. ၃၇ လက်မ (၂ပေ ၅.၃၇ )လက်မသာရှိပါတယ်။




[ပင်ပင်ဟာ ကမ္ဘာမှာ အရပ် အတိုဆုံး သော လူပုကလေးအဖြစ်မှတ်တမ်းတင်ထားပါတယ်။]

လူပုလေး ပင်ပင်ကတော့ ပန်ကရာတိုဗားရဲ့ ရှည်လျားတဲ့ပေါင်တံဟာ အမတန်မှ လှပပါတယ်လို့ဆိုတယ်။ ပန်ကရာတိုဗားဟာ ကမ္ဘာမှာ အရှည်ဆုံးပေါင်တံရှိပေမဲ့ ကမ္ဘာ့ အမြင့်ဆုံးအမျိုးသမီးတော့ မဟုတ်ပါဘူး။ ကမ္ဘာ့ အမြင့်ဆုံးအမျိုးသမီးဟာ အမေရိကန် အင်ဒီယားနားပြည်နယ် ရှယ်ဗီဗေလီ မြို့ က စင်ဒီအယ်လန် ပါ။ စင်ဒီအယ်လန်ဟာ ၇ပေ ၇လက်မ ရှိပြီး အသက် ၅၃ နှစ်မှာ ဆုံးပါးသွားခဲ့တယ်။

လူပုလေး ပင်ပင် နှင့် ပေါင်တံရှည် ပန်ကရာတိုဗား ၂ ယောက် တို့ [လန်ဒန် မြို့ ရှိ ထရာဖာလ်ဂါ ရင်ပြင်] မှာ ရိုက်ကူးထားသော ဓာတ်ပုံးတွေ နှင့် သရုပ်ဆောင်ဟန်ရေးပြသခဲ့မှုဟာ နိုင်ငံခြားခရီးသွား လာရောက် လည်ပတ်သူများအတွက်အတော်ဘဲ စိတ်ဝင်စားဖွယ်တခုဖြစ်ခဲ့ပါတယ်။ သူတို့ရဲ့ ဓာတ်ပုံးတွေကို ၂၀၁၉ ခုနှစ် "Guinness World Records" စာအုပ်မှာ မှတ်တမ်းတင်ပုံနှိပ်ထုတ်ဝေပါလိမ့်မယ်။